# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

July 6 , 2023 Volume 68, Number 4

၆.၇.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၁.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၀၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၀.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၈၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၄၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၀၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၄၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၆၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ဇွန်လအတွင်း ငါးရှဥ့်ပိဿာချိန် ၁၃၅၀၀၀ တင်ပို့ရောင်းချနိုင်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ဇွန်လ တစ်လတာကာလအတွင်း ငါးရှဥ့်ပိဿာချိန် ၁၃၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ်၌ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ချိုချို၏ ပြောပြချက်အရ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်မြို့သို့ ငါးရှဥ့်တင်ပို့ရောင်းချမှုအနေဖြင့် မေလက ငါးရှဥ့်ပိဿာချိန် ၇၅၅၀၀ တင်ပို့ရောင်းချခဲ့ပြီး ဇွန်လက ငါးရှဥ့် ပိဿာချိန် ၁၃၅၀၀၀ အထိ တိုးမြှင့်တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့ ငါးရှဥ့်များ ရောင်းအားကောင်းလာခြင်းသည် ပြည်တွင်းမှငါးများကို ပြည်ပစျေးကွက်သို့ တင်ပို့သည့်လုပ်ငန်းများ ပြန်လည်လည်ပတ် လုပ်ကိုင်လာကြခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ဇွန်လ ပထမပတ်လောက်ကတည်းကစတင်ပြီး ငါးရှဥ့်တွေ သိသိသာသာ ဝယ်လိုအားကောင်းလာတယ်။ အရင်က အကြောင်းအမျိုးမျိုးကြောင့် ယာယီရပ်နားထားခဲ့တဲ့ ပြည်ပကို ငါးရှဥ့်တင်ပို့တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာကြောင့် ပြည်ပက ငါးရှဥ့်ဝယ်လိုအားကောင်းလာတာပါ။ မအူပင်မြို့နယ်က ရရှိတဲ့ ငါးရှဥ့်တွေကို ရန်ကုန်စျေးကွက်ကို အဓိကတင်ပို့ ရောင်းချနေတာဖြစ်ပါတယ်။ အခုလို ငါးရှဥ့်စျေးကောင်းရလာတော့ အခက်အခဲရှိနေတဲ့ ငါးရှဥ့်မွေးမြူရေး လုပ်ငန်းရှင်တွေနဲ့ လုပ်သားတွေ၊ ငါးရှဥ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတယ်ဟု ဒေါ်ချိုချိုကပြောသည်။

မအူပင်မြို့နယ်၌ ငါးရှဥ့်မွေးမြူရေးလုပ်ငန်းကို တစ်နှစ်ပတ်လုံး မွေးမြူလုပ်ကိုင်ကြသည့်အပြင် ဒေသခံများက ချောင်း၊ မြောင်း၊ လယ်ကွင်းများ၌ သဘာဝအတိုင်း ရှာဖွေမှုမှလည်းရရှိနိုင်ကြောင်း သိရသည်။

အဆိုပါ ဒေသထွက်ငါးရှဥ့်များကို ရန်ကုန်စျေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/42752

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## လိုင်စင်မရမီနှင့် ID သက်တမ်း ခြောက်လထက်ကျော်သော သွင်းကုန်များအတွက် ပြည်ပသို့ ငွေလွှဲခွင့်မပြု

မြန်မာနိုင်ငံသို့ တင်သွင်းလာသည့် လိုင်စင်မရမီနှင့် ID သက်တမ်း ခြောက်လထက်ကျော်သော သွင်းကုန်များအတွက် ပြည်ပသို့ ငွေလွှဲခွင့်မပြုကြောင်း ဇူလိုင် ၃ ရက်

ရက်စွဲဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည်။

နိုင်ငံခြားသုံးငွေ ကြီးကြပ်မှုကော်မတီအစည်းအဝေး အမှတ်စဉ် (၄၉/၂၀၂၃) ဆုံးဖြတ်ချက်အရ Online Trading အစီအစဉ် ဖြင့် သွင်းကုန်တင်သွင်းမှုများတွင် လိုက်နာရမည့် ငွေပေးချေမှုများကို နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်း AD လိုင်စင်ရဘဏ်များ သိရှိစေရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သွင်းကုန်အတွက် ငွေလွှဲရန် တင်ပြလာသောကုမ္ပဏီများကို စိစစ်ရာတွင် လိုင်စင်ခွင့်ပြုရက်စွဲနှင့် သင်္ဘောတင်ရက်စွဲ၊ ID ရက်စွဲများ တိုက်ဆိုင်စစ်ဆေးရန်နှင့် လိုင်စင်ခွင့်ပြုပြီးမှသာ Trade ဆောင်ရွက်နိုင်ပြီး လိုင်စင်မရမီ တင်သွင်းလာသည့် ကုန်ပစ္စည်းများအတွက် ငွေလွှဲခွင့်မပြုကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

AD လိုင်စင်ရ ဘဏ်များအနေဖြင့် လိုင်စင်မရမီ တင်သွင်းလာသည့်ကုန်များအတွက် ငွေလွှဲခြင်းမပြုရန်၊ လိုင်စင် Date သည် ID Date ထက်နောက်ကျသည့် ကိစ္စရပ်များကို တင်ပြခြင်းမပြုရန်နှင့် သွင်းကုန်အတွက် Advanced Paymet TT ဖြင့် ငွေပေးချေခြင်းကိုခွင့်မပြုရန် ထုတ်ပြန်ချက်တွင်ပါရှိသည်။

ထူးခြားသော အကြောင်းအရာများရှိပြီး ကြိုတင်ငွေပေးချေရန် လိုအပ်သည့် သွင်းကုန်များအတွက် Case by Case တင်ပြ ခွင့်ပြုချက်ယူရန်အပါအဝင် လိုင်စင်ဖြင့်ဖြစ်စေ၊ Non License ဖြင့်ဖြစ်စေ ID သက်တမ်းခြောက်လထက် ကျော်လွန်သော ကိစ္စရပ်များကို တင်ပြခြင်းမပြုရန် ညွှန်ကြားထားကြောင်းသိရသည်။

အလားတူ တင်ပြလာသော ID သည် လိုင်စင်ရရှိပြီး သုံးလအတွင်း ID ဖြစ်၊ မဖြစ်စိစစ်ရန်နှင့် သုံးလထက်ပိုပါက လိုင်စင် သက်တမ်းတိုးထားခြင်း ရှိ၊ မရှိ စိစစ်ရန်လည်း ထုတ်ပြန်ထားသည်။

**Source: https://t.me/sdtimedaily**

## စိုက်ကေလျော့ကျပြီး အထွက်နှုန်းကျဆင်းလာကာ ဈေးကွက်လိုအပ်ချက် မဖြည့်ဆည်းနိုင်ခြင်းကြောင့် ကြက်သွန်ဖြူဈေးနှုန်း အတက်ဘက်သို့ ဦးတည်နေ

မြန်မာပြည်၏ ကြက်သွန်စိုက်ဧကမှာ ဒေသမတည်ငြိမ်မှုအခြေအနေများ၏ ရိုက်ခတ်မှုကြောင့် စိုက်ဧကလျော့ကျပြီး အထွက်နှုန်းကျဆင်းလာကာ ဈေးကွက်လိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ခြင်းတို့ကြောင့် ဈေးနှုန်းအတက်ဖက်ကို ဦးတည် နေကြောင်း စားသုံးသူရေးရာဦးစီးဌာန၏ အချက်အလက်အရ သိရသည်။

ကြက်သွန်ဖြူဈေးမှာ ယခုနှစ်ပေါ်ချိန် မတ်လကျော်မှစတင်၍ အနိမ့်ဈေး ၁၈၀၀ ကျပ်မှ အမြင့်ဈေး ၃၅၀၀ ကျပ်ခန့်၊ ဧပြီလတွင် အနိမ့်ဈေး ၂၅၀၀ ကျပ်မှ အမြင့်ဈေး ၄၂၀၀ ကျပ်ခန့်၊ မေလတွင် ၃၂၀၀ ကျပ်မှ ၆၀၀၀ ကျပ်ခန့်နှင့် ဇွန်လတွင် ပေါက်ဈေး ၆၈၀၀ ကျပ်မှ ၉၀၀၀ ကျပ်အထိ အသီးသီးဈေးတက်ခဲ့ကြောင်း သိရသည်။

ဈေးကွက်သဘောအရ ပစ္စည်းကျန်ရှားပါး၍ အဝင်နည်းလျှင် ဈေးကွက်လိုအပ်မှုရှိ၍ ဈေးနှုန်းမြင့်တက်လေ့ရှိသော်လည်း ယခုနှစ်တွင် စိုက်ဧကလျော့ကျလာခြင်း၊ သွင်းအားစုဈေးကြီးမြင့်လာခြင်းနှင့် အထွက်နှုန်းလျော့ကျခြင်းတို့ကြောင့် ကြက်သွန်ဖြူ ဈေး မြင့်တက်မှုကို ပိုမိုတွန်းအားပေးလျက်ရှိကြောင်း သိရသည်။

ကြက်သွန်ဖြူကို ဩဂုတ်လမှ စက်တင်ဘာလအတွင်း စိုက်ပျိုးရန် မြေပြုပြင်ခြင်းပြုလုပ်ကြ၍ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးကြပြီး ဒီဇင်ဘာလနှင့် ဇန်နဝါရီလများတွင် အပင်များကို ပြုစုစောင့်ရှောက်ကာ ဖေဖော်ဝါရီလနှင့် မတ်လများတွင် တူးဖော်ရောင်းချလေ့ရှိသည်။

ကြက်သွန်ဖြူ၏ သဘာဝအရ မြေဩဇာကောင်းမွန်သည့် မြေနုမြေပွများတွင် စိုက်ပျိုးထွက်ရှိသည့် အပွစ (တောင်ကြီးစ) ဟူ၍ခေါ်တွင်ပြီး မြေနီ၊ မြေကျစ်တွင် စိုက်ပျိုးထွက်ရှိသည့် အကျစ်စ (အောင်ပန်းစ) ဟူ၍ နှစ်မျိုးခွဲခြား ရောင်းဝယ်လျက် ရှိကြောင်းနှင့် တောင်ကြီးစ၏ အရည်အသွေးမှာ သိုလှောင်မှုနှင့်မကိုက်ညီဘဲ ချက်ချင်းရောင်းဝယ်မှုပြုလုပ်ကြရပြီး ဈေးအတက် အကျအရ တွက်ချေမကိုက်ဘဲ သိုလှောင်မိပါက အလေးချိန်လျော့ကျခြင်း၊ အလေအလွင့်များခြင်းတို့ကြောင့် ဈေးကွက်တွင် လူကြိုက်နည်းလေ့ရှိကြောင်းသိရသည်။ အကျစ်စ (အောင်ပန်းစ) မှာ သိုလှောင်မှုနှင့်ကိုက်ညီပြီး တာရှည်သိုလှောင်နိုင်၍ အလေအလွင့်နည်းခြင်း၊ ဈေးအတက်အကျကို စောင့်နိုင်ခြင်းတို့ကြောင့် လူကြိုက်များလေ့ရှိကြောင်း စားသုံးသူရေးရာ ဦးစီးဌာနမှ သိရသည်။

**Source: Popular News Journal**

## ဂေါ်ဖီထုပ်ဈေးကောင်းသော်လည်း စိုက်ပျိုးစရိတ်ကြီးမြင့်၍ တောင်သူများ ဂေါ်ဖီထုပ်စိုက်လျှော့နည်း




ပြည်တွင်းဈေးကွက်တွင် ဂေါ်ဖီထုပ်ဈေးကောင်း၍ ဝယ်လိုအားများသော်လည်း စိုက်ပျိုးစရိတ် ကြီးမြင့်သောကြောင့် တောင်သူများ ဂေါ်ဖီထုပ်စိုက်ပျိုးမှုနည်းပါးကြောင်း ရှမ်းပြည်နယ်တောင်ပိုင်း ဂေါ်ဖီထုပ်စိုက်တောင်သူများကပြောသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့နယ်နှင့် ပင်းတယမြို့နယ်တို့တွင် ဂေါ်ဖီထုပ် တစ်ထုပ်လျှင် ခြံဖြတ်ဈေး ၅၀၀ ကျပ် ဈေးပေါက်သော်လည်း ရန်ကုန်မြို့ လက်လီ ဈေးကွက်တွင် ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ငွေကျပ် ၃၀၀၀ ကျပ်အထိ ဈေးပေါက်လျက် ရှိကြောင်း ကုန်စိမ်းရောင်းဝယ်လုပ်ကိုင်သူများထံမှ သိရှိရသည်။

အောင်ပန်းမြို့ ကုန်စိမ်းဈေးကွက်တွင် ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်အထိရှိပြီး ပစ္စည်းမရှိ၍ တောင်သူများနယ်ဆင်းဝယ်နေရကြောင်း၊ ယခင်က ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ၃၀၀ ကျပ်မှ ၈၀၀ ကျပ်ဈေးရှိရာမှ ဈေးပြန်တက်လာခြင်းဖြစ်ကြောင်း အောင်ပန်းမြို့ ကုန်စိမ်းပွဲရုံမှ ဦးဝင်းတင်ကပြောသည်။ "ဝယ်သူများ ပေမယ့် ပစ္စည်းကမရှိဘူး။ ရှားနေတယ်။ အခုက ဈေးပြန်တက်သွားတာ။ အရင်က အဲလောက်မရှိဘူး။ အလွန်ဆုံးရှိမှ ၈၀၀ ကျပ် လောက်ပဲရှိတာ"ဟု ဦးဝင်းတင်ကပြောသည်။

"ပစ္စည်းပြတ်လတ်မှုကြောင့် ဂေါ်ဖီထုပ်ပေါ်မည့်ရာသီ မရောက်ခင်အထိ ပြည်တွင်းဈေးကွက်တွင် ဂေါ်ဖီထုပ်တစ်ထုပ်ဈေး မှာ ယခုထက် မြင့်တက်လာနိုင်ကြောင်း အောင်ပန်းမြို့မှ ကုန်စိမ်းရောင်းဝယ်လုပ်ကိုင်နေသူ ကိုဘိုမြင့်ကပြောသည်။ နှစ်တိုင်းပဲ ရှစ်လပိုင်း၊ ကိုးလပိုင်းဆိုရင် ဂေါ်ဖီတွေ ဈေးတက်ဖို့ပဲ၊ ဒီထက်တက်ဖို့ပဲရှိတယ်။ ပြန်မကျနိုင်လောက်ဘူး" ဟု ကိုဘိုမြင့်က ပြောသည်။

အောင်ပန်းမြို့နယ်နှင့် ပင်းတယမြို့နယ်တို့တွင် ခြံဖြတ်ဂေါ်ဖီထုပ်ပေါက်ဈေးမှာ ၄၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း ဈေးအမျိုးမျိုး ပေါက်ဈေးရှိကြောင်း၊ ယင်းမှာ ဈေးတက်လာခြင်းဖြစ်ကြောင်း၊ ယခင်က ဂေါ်ဖီထုပ်တစ်ထုပ်လျှင် ငွေကျပ် ၂၅၀ ကျပ်သာ ဈေးပေါက်ကြောင်း အောင်ပန်းဒေသခံ ခွန်ထို့ကျော်ခမ်းကပြောသည်။ " ဒါ ဈေးတက်လာတာ အရင်က ခြံဖြတ်ဈေးမှ ၂၅၀ လောက်သာရှိတာ၊ အခု ၄၀၀၊ ၅၀၀ ကျပ်နဲ့ လိုက်ဝယ်နေကြတယ်။ မြေဆီဈေးတွေကတက်တော့ တောင်သူတွေက သိပ်မစိုက်ကြဘူး။ အရင်က သုံးဧကလောက်စိုက်ရာကနေ အခု တစ်ဧကလောက်ပဲ စိုက်ကြတော့တယ်" ဟု ခွန်ထို့ကျော်ခမ်းက ပြောသည်။

ပြည်တွင်းဈေးကွက်တွင် ဂေါ်ဖီထုပ် အဝယ်လိုက်သော်လည်း ဓါတ်မြေဩဇာဈေးနှုန်းနှင့် ပိုးသတ်ဈေးအစရှိသည့် စိုက်ပျိုးရေး သွင်းအားစုစရိတ်များ တက်လာခြင်းကြောင့် ယခင်နှစ်ထက် စိုက်ပျိုးသူ တောင်သူဦးရေထက် တဝက်ခန့်သာရှိကြောင်း၊ ဓါတ်မြေဩဇာဈေးမှာ ယခင်ထက် သုံးဆခန့်မြင့်တက်လာကြောင်း ဂေါ်ဖီစိုက်တောင်သူများကပြောသည်။ "ဒီနှစ်က ဂေါ်ဖီစိုက်တဲ့သူနည်းတယ်။ အောင်ပန်း၊ ပင်းတယ နယ်ဘက်မှာဆိုရင် ထက်ဝက်လောက်ကိုနည်းသွားတယ်။ မျိုးစေ့စရိတ်နဲ့ ဓါတ်မြေဩဇာဈေးတွေက မတရားတက်လာတာကို။ ဂေါ်ဖီစိုက်တာနည်းတော့ အခုဆိုရင် ပွဲစားတွေက ခြံထဲဆင်းပြီး ဝယ်ကြတယ်။ မြို့ပေါ်တောင် ရောင်းစရာမလိုဘူး" ဟု ပင်းတယမြို့နယ်မှ စိုက်ပျိုးတောင်သူ ကိုဇော်မောင်ကပြောသည်။

သီရိမင်္ဂလာဈေးကွက်တွင် နေ့စဉ် ဂေါ်ဖီကားအစီးရေ ၁၀ စီးခန့်သာ ဝင်ရောက်၍ ဂေါ်ဖီအထုပ်ရေပေါင်း ၃၀၀၀၀ ခန့်သာ ပါဝင်သဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ကားဝင်ရောက်မှု လျော့နည်းပြီး ဂေါ်ဖီထုပ် တစ်ထုပ်လျှင် ၁၀၀၀ ကျပ်မှ ၂၀၀၀ ကျပ် အထိရှိကာ ဈေးမြင့်တက်လျက်ရှိကြောင်း သိရသည်။

Source: AMIA

Myanma Awba

## ဆန်လက်ကားဝယ်ယူမှု မရှိသလောက်ဖြစ်နေ




ရန်ကုန်ဆန်ဈေးကွက်ထဲမှာ ဆန်လက်ကားဝယ်ယူသူ ဝယ်လက်တွေ မရှိသလောက်ဖြစ်နေပြီး ရပ်ဆိုင်းနေတယ်လို့ ဆန်လက်ကားရောင်းချနေသူတွေက ပြောပါတယ်။ လတ်တလောမှာတော့ ဆန်သိုလှောင်သူတွေဟာ ပွဲရုံတွေက ဆန်လက်ကား ဝယ်ယူမှုမရှိတဲ့အတွက် လက်ကျန်ဆန်တွေ သောင်တင်နေတယ်လို့ ဆိုပါတယ်။

ဆန်လက်ကား ဝယ်လက်တွေ မရှိသလောက်ဖြစ်နေတာဟာ ဆန်ဈေးကျလာတာကို စောင့်နေတာမျိုး ဖြစ်နိုင်တယ်လို့လည်း ဆန်လက်ကားရောင်းချတဲ့ ရန်ကုန်မြို့က ရွှေမိုးဆန်ရောင်းဝယ်ရေးက တာဝန်ရှိသူတစ်ယောက်က ပြောပါတယ်။ ဆန်ဈေးကွက်ထဲမှာတော့ လက်ရှိ ဆန်ဈေးနှုန်းတွေဟာ အတက်ဈေးမှာပဲ ငြိမ်နေပြီး ဆန်လက်လီဝယ်ယူမှုကတော့ ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။

ဒါ့အပြင် ဆန်စပါးဈေးကွက် တည်ငြိမ်ရေးအတွက် နေပြည်တော်နဲ့တိုင်းဒေသကြီးလေးခုမှာ ဆန်စပါးသိုလှောင်မှုတွေကို စာရင်းပြုစုသွားမယ်လို့လည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ထုတ်ပြန်ကြေညာထားပြီးဖြစ်ပါတယ်။

**ဤဆောင်းပါးကို One News Myanmar မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## နိုင်ငံတကာအစားအသောက်နှင့်အဖျော်ယမကာပြပွဲ ဟိုချီမင်းမြို့၌ကျင်းပ

နိုင်ငံတကာအစားအသောက်နှင့် အဖျော်ယမကာပြပွဲ (HCMC FOODEX 2023) ကို ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးအချက်အချာနေရာဖြစ်သည့် ဟိုချီမင်းမြို့ရှိ ဆိုင်ဂုံကွန်ဗင်းရှင်းစင်တာတွင် ဇွန်လ ၂၈ က ကျင်းပပြုလုပ်ခဲ့ပါသည်။ “International of Values and Development” ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် အဆိုပါပွဲတွင် ပြပွဲအခန်းပေါင်း ၂၅၀ ခန့်ပါဝင်ပြီး၊ ပြည်တွင်းကုမ္ပဏီကြီး ၂၀၀ ကျော်နှင့် နိုင်ငံတကာစားသောက်ကုန်လုပ်ငန်းကြီးများဖြစ်သည့် Vinamilk, Binh Tay Food, Bidrico, Sagri, Cholimex, Satra နှင့် Vissan တို့မှ ပါဝင်ပြသခဲ့ကြသည်။

စည်ပင်သာယာရေးပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌဖြစ်သူ Doung Anh Duch က စားသောက်ကုန်လုပ်ငန်းသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်ကြောင်း၊ ဗီယက်နမ်သည် လက်ရှိတွင် ကုန်သွယ်ရေးသဘောတူစာချုပ်များစွာ ရေးထိုးထားပြီးဖြစ်ကြောင်း၊ နိုင်ငံအများစုသည် ကမ္ဘာ့စားနပ်ရိက္ခာ အကြပ်အတည်းကို ရင်ဆိုင်နေရချိန်တွင် စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးကိုပါ သေချာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဗီယက်နမ်၏ စားနပ်ရိက္ခာ ပြုပြင်ထုတ်လုပ်မှုအပိုင်းများတွင် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ အကျိုးကျေးဇူးများစွာကို ရရှိစေကြောင်း ပြောကြားခဲ့ပါသည်။

စားသောက်ကုန်လုပ်ငန်းသည် ဟိုချီမင်းမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော စက်မှုလုပ်ငန်းလေးခုအနက်မှ တစ်ခုအပါအဝင်ဖြစ်ပြီး ပြည်တွင်းထုတ်လုပ်မှု၏ ၁၄ မှ ၁၅ ရာခိုင်နှုန်းခန့်ရှိကြောင်းနှင့် ပြည်တွင်းစားသောက်ကုန်လုပ်ငန်းများ၏ ထုတ်လုပ်မှုသည် ပြည်တွင်းပြည်ပစားသုံးရန်အတွက် ကိုက်ညီဖူလုံမှုရှိကြောင်း သိရှိရပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးစင်တာ၏ ဒါရိုက်တာ Tran Phu Lu က ယခုပွဲသည် ဗီယက်နမ်အမှတ်တံဆိပ်များနှင့် အရည်အသွေးကောင်းထုတ်ကုန်များကို ကမ္ဘာ့ဈေးကွက်တွင် မိတ်ဆက်ပြသနိုင်သကဲ့သို့ အပြန်အလှန်အားဖြင့် လာရောက်ပြသသူများအနေဖြင့်လည်း ဗီယက်နမ်ဈေးကွက်သို့ ၎င်းတို့ကုန်ပစ္စည်းများကို မိတ်ဆက်ပြသနိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါပြပွဲအနေဖြင့် ပြည်တွင်းပြည်ပထုတ်လုပ်သူများနှင့် ဖြန့်ဖြူးသူများအကြား ကုန်ပစ္စည်းမိတ်ဆက်ခြင်းအပြင် စီးပွားရေးအခွင့်အလမ်းများ ပိုမိုဖန်တီးရန်အတွက် ကြားခံပလက်ဖောင်းတစ်ခုအနေဖြင့် ဆောင်ရွက်ပေးမည့်နေရာလည်း ဖြစ်ကြောင်း သိရှိရပါသည်။

HCMD FOODEX ပြပွဲတွင် ဆွေးနွေးပွဲများ၊ ဟောပြောပွဲများအပါအဝင် ကုန်သွယ်မှုမြှင့်တင်ရေး အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ စားသောက်ကုန်လုပ်ငန်းရှိ ခေတ်ရေစီးကြောင်းသစ်နှင့် နည်းပညာများ၊ တရုတ်ဈေးကွက်သို့ စားသောက်ကုန်လုပ်ငန်းမှ စီးပွားရေးလုပ်ငန်းရှင်များ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရေး၊ ကမ္ဘာ့ဈေးကွက်သို့ ဝင်ရောက်ရာတွင် စိန်ခေါ်မှုများနှင့် မဟာဗျူဟာများကိုသိရှိစေရေး၊ သန့်ရှင်းကောင်းမွန်သည့် အစားအစာထုတ်လုပ်မှု ကြာရှည်တည့်တံ့စေရေးစသည်တို့အား ဆွေးနွေးဟောပြောကြမည်ဖြစ်ပါသည်။ ထို့ပြင် အစားအသောက်ထုတ်လုပ်သူများနှင့် ဖြန့်ဖြူးသူများအကြား၊ ခေတ်မီစူပါမားကတ်ကြီးများ၊ ထုတ်လုပ်သူနှင့် Ecommerce channel များကြား၊ ထုတ်လုပ်သူနှင့်နိုင်ငံတကာမှ ဝယ်ယူသူများအကြား B2B ကုန်သွယ်မှုအတွက် စီစဉ်ထားကြောင်းလည်း သိရှိရပါသည်။

**သုံးသပ်ချက်**

မြန်မာနိုင်ငံမှ စားသောက်ကုန်လုပ်ငန်းရှင်များအနေဖြင့် အဆိုပါပြပွဲများတွင် မိမိလုပ်ငန်းထုတ်ကုန်ပစ္စည်းများကို ပါဝင်မိတ်ဆက်ပြသခြင်းဖြင့် ဗီယက်နမ်ဈေးကွက်နှင့် အခြားနိုင်ငံ ဈေးကွက်များသို့ ကျယ်ပြန့်စွာပေးပို့ရောင်းချနိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါသည်။ ယခု HCMC Foodex တွင် မြန်မာနိုင်ငံမှ Cho Cho Industry Ltd မှ ဝင်ရောက်ပြသခဲ့ပြီး Business Matching ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**Source : Vietnam +**

**(စီးပွားရေးသံမှူး၊ ဟန္နိုင်းမြို့)**

## ရုရှားရေနံစိမ်း ယွမ်ဖြင့် အိန္ဒိယနိုင်ငံ စတင်ပေးချေ



အိန္ဒိယနိုင်ငံမှ ရေနံချက်စက်ရုံ လုပ်ငန်းရှင်များသည် ရုရှားနိုင်ငံမှ ရေနံစိမ်းတင်သွင်းမှု အချို့အတွက် တရုတ်ယွမ်ငွေဖြင့် စတင်ပေးချေနေပြီဖြစ်သည်။ အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားနိုင်ငံနှင့်ရုရှားရေနံစိမ်း ဝယ်လက်များသည် ငွေပေးချေမှုများ ပိတ်ဆို့ထားသည်ကို ဖြေရှင်းကျော်လွှားရန်အတွက် ဒေါ်လာအစား အခြားငွေကြေးကို သုံးစွဲလာကြသည်။ ရုရှားနိုင်ငံကို အနောက်နိုင်ငံများ၏ ပိတ်ဆို့ထားစဉ် အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံရေနံစိမ်းကို အများဆုံးတင်သွင်းသည့် အခြေအနေသို့ရောက်ရှိခဲ့သည်။

အမေရိကန်ဒေါ်လာသည် ကမ္ဘာ့ရေနံအရောင်းအဝယ်တွင် အဓိကငွေကြေးဖြစ်သည်။ အမေရိကန်ဒေါ်လာဖြင့်သာ ရောင်းကြဝယ်ကြသော်လည်း ရုရှားရေနံစိမ်းကို ကန်ဒေါ်လာဖြင့်ပေးချေရန်မှာ အခက်အခဲများရှိနေသည်။ ရုရှားနိုင်ငံသည် ကန်ဒေါ်လာနှင့် ယူရိုငွေကြေးကွန်ရက်များ သုံးစွဲခွင့်မရသဖြင့် ကန်ဒေါ်လာနေရာတွင် တရုတ်ယွမ်ကို သုံးစွဲလာရသဖြင့် ရုရှားငွေကြေးစနစ်တွင် ယွမ်၏ အခန်းကဏ္ဍ ပိုမိုအရေးပါလာသည်။ တရုတ်နိုင်ငံသည် ရုရှားနိုင်ငံမှ ရေနံနှင့်ဓာတ်ငွေ့တင်သွင်းမှု အများစုအတွက် ငွေပေးချေရာတွင် ယွမ်သို့ ကူးပြောင်းသည်။ တရုတ်နိုင်ငံတင်သွင်းသည့်ရေနံတွင် ဆော်ဒီအာရေဗျရေနံသည် အများဆုံးဖြစ်ခဲ့သည်။ ယခုအခါ ရုရှားရေနံသည် အများဆုံးဖြစ်သည်။ ယခုနှစ် ပထမ ၃ လပတ်တွင် ဆော်ဒီရေနံထက် ရုရှားရေနံကို ပိုမိုတင်သွင်းခဲ့သည်။

အိန္ဒိယနိုင်ငံတွင် Indian Oil Corp သည် ရုရှားရေနံစိမ်း အများဆုံးဝယ်ယူသူဖြစ်သည်။ နိုင်ငံပိုင်လုပ်ငန်း Indian Oil Corp သည် ဇွန်လတွင် ရုရှားရေနံစိမ်းကို ပထမဆုံးအကြိမ်အဖြစ် ယွမ်ဖြင့်ပေးချေခဲ့သည်။ ၎င်းအပြင် အိန္ဒိယနိုင်ငံမှ ပုဂ္ဂလိက ရေနံချက်စက်ရုံ လုပ်ငန်းအနည်းဆုံး ၂ ခုသည်လည်း ရုရှားရေနံစိမ်းကို ယွမ်ဖြင့်ပေးချေခဲ့ကြသည်။ ရုရှားနိုင်ငံအပေါ် ပိတ်ဆို့မှုများ ချမှတ်ပြီးကတည်းက အိန္ဒိယရေနံချက်လုပ်သူများသည် ဒူဘိုင်းအခြေစိုက်ကုန်သည်များနှင့် ရုရှားရေနံ ကုမ္ပဏီများဖြစ်သည့် (Rosneft)၊ ရုရှားရေနံ အဓိကလုပ်ငန်းကြီး Lukoil ၏ လုပ်ငန်းခွဲ Litasco နှင့် Gazprom Neft တို့မှ ရုရှားရေနံစိမ်းများကို အများစုဝယ်ယူခဲ့ကြသည်။ အိန္ဒိယရေနံချက်လုပ်သူများသည် ရုရှားရေနံအတွက် ဒေါ်လာမဟုတ်သော

ပေးချေမှုအချို့ကို ယူအေအီးငွေကြေး ဒါဟမ်ဖြင့်လည်း ပြေလည်အောင် ဖြေရှင်းပေးခဲ့သည်။

"ပထမဦးစားပေးမှာ ဒေါ်လာဖြင့် ပေးချေရန်ဖြစ်သော်လည်း ရေနံချက်လုပ်သူများက တစ်ခါတရံမှာ အခြားငွေကြေးများဖြစ်တဲ့ ဒါဟမ်နှင့်ယွမ်တို့ဖြင့် ပေးချေပါတယ်။ ရောင်းချတဲ့သူက ယွမ်လိုချင်ရင် ယွမ်၊ ဒါဟမ်လိုချင်ရင် ဒါဟမ်ဖြင့် ပေးချေကြပါတယ်" ဟု အိန္ဒိယအစိုးရ သတင်းရင်းမြစ်ကပြောကြားသည်။ ရုရှားနိုင်ငံမှ အိန္ဒိယနိုင်ငံ၏ ရေနံတင်သွင်းမှုသည် မေလတွင် စံချိန်တင်မြင့်တက်ခဲ့သည်။ ရုရှားရေနံစိမ်း တင်သွင်းမှုသည် အိန္ဒိယနိုင်ငံ၏ စုစုပေါင်းရေနံတင်သွင်းမှု၏ ၄၀ ရာခိုင်နှုန်းအထိ ဖြစ်လာခဲ့သည်။

**Source: https://www.industrialdirectory.com.mm**

https://myantrade.gov.mm/article/naypyitaw_05072023_1157

## အိန္ဒိယပြည်နယ်အချို့တွင် မုတ်သုံမိုးမညီညာမှုကြောင့် ပဲပုပ်စတင်စိုက်ပျိုးရန် နှောင့်နှေးလျက်ရှိ

အိန္ဒိယနိုင်ငံ၊ Madhya Pradesh ပြည်နယ်၏ ပဲပုပ်အဓိကစိုက်ပျိုးရာဒေသများတွင် ခြောက်သွေ့သောရာသီဥတုနှင့် မိုးအလွန်အကျွံရွာသွန်းမှုတို့ကြောင့် ပဲပုပ်စတင်စိုက်ပျိုးရန် နှောင့်နှေးလျက်ရှိကြောင်းသိရသည်။ Maharashtra ပြည်နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆီထွက်သီးနှံများစိုက်ပျိုးမှုကို ထိခိုက်စေလျက်ရှိသည်။ မုတ်သုံမိုးမမှန်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာအကြောင်းရင်းများကြောင့် အိန္ဒိယနိုင်ငံ၏ မိုးရာသီဆီထွက်သီးနှံများ၏ ဈေးနှုန်းများကို မြင့်တက်လာစေမည်ဟု ခန့်မှန်းရသည်။

Madhya Pradesh ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လယ်မြေများ ရေနစ်မြုပ်ကာ ပဲပုပ်စိုက်ပျိုးမှုကို နှောင့်နှေးစေပြီး၊ Maharashtra ပြည်နယ်တွင် မုတ်သုံမိုးရွာသွန်းမှုနည်းပါးပြီး ပဲပုပ်စေ့ပျိုးကြဲခြင်းကို ပိုမိုအကျိုးသက်ရောက်စေလျက်ရှိသည်။ မျိုးစေ့ချနှောင့်နှေးခြင်းနှင့် မိုးရွာသွန်းမှုလျော့နည်းခြင်းတို့ကြောင့် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပဲပုပ်စိုက်ဧရိယာ၏ ၂၅ ရာခိုင်နှုန်းခန့် လျော့နည်းသွားကြောင်း သိရသည်။ အမေရိကန်ပြည်ထောင်စုတွင် ပဲပုပ်ထုတ်လုပ်မှု နိမ့်ကျမည်ဟူသော ခန့်မှန်းချက်များကြောင့် ပဲပုပ်နှင့်ပဲပိစပ်ဆီ၏ နိုင်ငံတကာဈေးနှုန်းများမြင့်တက်ခဲ့သည်။ Madhya Pradesh နှင့် Maharashtra ပြည်နယ်တို့ရှိ ပြည်တွင်းပဲပုပ်ဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။ စတင်စိုက်ပျိုးမှုနှောင့်နှေးခြင်းကြောင့် သီးနှံအထွက်နှုန်းအပေါ်အကျိုးသက်ရောက်စေပြီး သီးနှံရောက်ရှိမှုကိုလည်း နှောင့်နှေးစေနိုင်သည်။

အချို့သောတောင်သူများအနေဖြင့် ပဲပုပ်အစား ကာလတိုအတွင်းမြန်မြန်ပေါ်သည့် မတ်ပဲနှင့်ပဲတီစိမ်းကို စိုက်ပျိုးရန် ရွေးချယ်လာနိုင်သည်။ ရာသီဥတုအခြေအနေကောင်းမွန်လာခြင်းမရှိပါက သီးနှံစတင်စိုက်ပျိုးရန် ရရှိသည့်အချိန်တိုတောင်းသဖြင့် ပဲပုပ်စိုက်ဧက ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်ကြောင်းသိရသည်။ ပဲပိစပ်သည် အိန္ဒိယနိုင်ငံ၏ ဆီထွက်သီးနှံထုတ်လုပ်မှုစုစုပေါင်း၏ ၃၅ ရာခိုင်နှုန်းရှိပြီး၊ ပြည်တွင်းစားသုံးမှု တစ်နှစ်လျှင် တန်ချိန် ၆ သန်းရှိသည်။ နိုင်ငံအနေဖြင့် ပြည်တွင်းဝယ်လိုအားကို ပြည့်မီစေရန် ပဲပိစပ်ဆီတန်ချိန် ၃ သန်းမှ ၄ သန်းကို နှစ်စဉ်ပြည်ပမှ ဝယ်ယူတင်သွင်းလျက်ရှိကြောင်းသိရသည်။

**ရည်ညွှန်း။ https://www.livemint.com/news/india/delayed-monsoon-and-excess-rainfall hinder-soybean-crop-cultivation-in-india-pushing-up-prices-11688317488702.html**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

https://myantrade.gov.mm/article/STP(Ygn)%2005072023%2018:20

## အိန္ဒိယနိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ထရီလီယံပြည့်မီရေး ရည်မှန်းချက်အတွက် ကမ္ဘာ့ကုန်စည်ပြပွဲများတွင် ပါဝင်ပြသရန်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

၂၀၃၀ ပြည့်နှစ်တွင် ပို့ကုန်ပမာဏ ၁၂ ရာခိုင်နှုန်း တိုးမြင့်တင်ပို့နိုင်ရေး ရည်မှန်းချက်ပြည့်မီရန် အိန္ဒိယအနေဖြင့် ကမ္ဘာ့ကုန်စည်ပြပွဲများဖြစ်သည့် Canton Fair ၊ Messe Frankfurt နှင့် Gulfood တို့တွင် အစားအစာ၊ အထည်အလိပ်၊ မော်တော်ယာဉ်အစိတ်အပိုင်းများအပါအဝင် အလားအလာရှိသည့် ကုန်ပစ္စည်းများ ပါဝင်ပြသနိုင်ရေးဆောင်ရွက်သွားရန် တနင်္လာနေ့ကပြုလုပ်

ခဲ့သည့် ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးက ကုန်သည်လုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် ပြောကြားခဲ့သည်ဟု The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအဓိကအဖွဲ့အစည်းတစ်ခုဖြစ်သည့် Invest India ကလည်း အိန္ဒိယနိုင်ငံ၏ ကုန်သွယ်ရေး မဟာဗျူဟာကို ရေးဆွဲလျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနည်းဗျူဟာအစီအစဉ်အောက်တွင် အလားအလာရှိသောနိုင်ငံ ၃၀၊ အလားအလာရှိသောကဏ္ဍ ၃၀ ခု အပေါ်တွင် ထူးချွန်သည့်ကုမ္ပဏီ ၁၀၀ ခုကို ရွေးချယ်ထားပါကြောင်း၊ ထို့အပြင် ၂၀၃၀ ခုနှစ် မတိုင်မီ ပို့ကုန်မှ အမေရိကန်ဒေါ်လာ ၁ ထရီလီယံ ရရှိအောင်ဆောင်ရွက်ရန် ရည်မှန်းချက်ချမှတ်ထားကြောင်းလည်း ဖော်ပြထားပါသည်။

ကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီးက ကမ္ဘာ့ကုန်စည်ပြပွဲများတွင် ပါဝင်ပြသရန်အတွက် တောင်ကိုရီးယား၊ ဘရာဇီးလ်၊ ဂျာမဏီ၊ ကနေဒါနှင့် အမေရိကန်နိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံကို ရွေးချယ်ထားပါကြောင်းနှင့် ပြည်တွင်း ကုန်စည်ပြပွဲများ ပိုမိုပြုလုပ်ရန်နှင့် ပြည်ပကုမ္ပဏီများ ပါဝင်ပြသနိုင်ရေး ဖိတ်ခေါ်ဆောင်ရွက်ရန် အစိုးရအရာရှိကြီးတစ်ဦးက ပြောကြားထားကြောင်းလည်း သိရှိရပါသည်။ ယခုကဲ့သို့ ပို့ကုန်မြှင့်တင်ရေး တွန်းအားပေးဆောင်ရွက်လာခြင်းသည် ပြည်ပ ပို့ကုန်တင်ပို့မှုကျဆင်းမှုများကြောင့်ဖြစ်ကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

**Source: Global trade fairs on cards; sectoral targets for $1 trillion exports by '30, The Economic Times, 4 July 2023.**

**(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

https://myantrade.gov.mm/article/STP(Ygn)%2005072023%2018:31

## STOCK EXCHANGE (6.7.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 5th Jul. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 92,892 (Shares) | 167,269,250 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 33,109,694 | 264,878 |
| MTSH | 00002 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 347 | 1,006,300 | 38,929,150 | 112,895 |
| MCB | 00003 | 7,200 | +0 | +0.00% | 7,200 | 7,200 | 7,200 | 23 | 165,600 | 10,400,986 | 74,887 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 8,779 | 13,168,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,450 | +0 | +0.00% | 2,350 | 2,450 | 2,350 | 185 | 435,750 | 19,977,223 | 48,944 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 4,800 | 227 | 1,090,400 | 10,497,598 | 52,488 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,850 | 1,850 | 1,800 | 83,331 | 151,402,700 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 5th Jul. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.05 | +1.03 | +0.29% | 355.62 | 356.05 | 353.88 | 92,892 | 167,269,250 | 8 | 671,573 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 5th Jul. 2023

| Trading Volume | Trading Value |
|---|---|
| 92,892 (Shares) | 167,269,250 (MMK) |

### Main Board

As of 1:00 pm, 5th Jul. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 92,892 (Shares) | 167,269,250 (MMK) |

| MYANPIX | 356.05 ▲ 1.03 |
|---|---|
| Total Volume (shares) | 92,892 |
| Total Value (MMK) | 167 mil |
| Listed Company | 8 |
| Market Cap. (MMK) | 671,573 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 50 |
| MCB | 00003 | 7,200 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,450 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |

TIR